**ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ( ၂ /၂၀၁၅ )**

**၁၃၇၇ ခုနှစ် ၊ တော်သလင်းလဆန်း (၁) ရက်**

**၂၀၁၅ ခုနှစ် ၊ စက်တင်ဘာလ ၁၄ ရက်**

**အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ အစုရှယ်ယာများကိုအများပြည်သူသို့**

**ကမ်းလှမ်းရောင်းချခြင်း**

ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေအခန်း (၆)၊ ပုဒ်မ(၃၅)(က) တွင်အများနှင့်သက်ဆိုင်သောကုမ္ပဏီများသည်ငွေချေးသက်သေခံလက်မှတ်များကိုအများပြည်သူသို့ကမ်းလှမ်းခြင်းမပြုမီအလားအလာညွှန်းတမ်း (Prospectus) အားငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ တင်ပြအတည်ပြုချက် ရယူရမည်ဖြစ်ပြီး ကော်မရှင်သည် ရက်ပေါင်း ၆၀ အတွင်း အဆုံးအဖြတ်ပေးရမည်ဟု ပြဋ္ဌာန်းထားပါသည်။

၁။ အဆိုပါ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အများပြည်သူ၏ အကျိုးစီးပွားကို ကာကွယ်ရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**အဓိပ္ပါယ်သတ်မှတ်ချက်**

၂။ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များကို ရင်းနှီးမြှုပ်နှံသူတစ်ဦးမှ ဝယ်ယူနိုင်ရေးအတွက်ရောင်းချခြင်းဆိုင်ရာစည်းကမ်းချက်များ၊သတင်းအချက်အလက်များကို ပုံစံတစ်မျိုးမျိုး၊နည်းလမ်းတစ်ရပ်ရပ်ဖြင့်အသိပေးမှုကိုဆိုသည်။ယင်းတွင် ကနဦးကမ်းလှမ်းရောင်းချခြင်းနှင့် ထပ်မံကမ်းလှမ်းရောင်းချခြင်းတို့ပါဝင်သည်။

၃။ အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်းရောင်းချမည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီသည်အလားအလာညွှန်းတမ်းကိုမြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ပြုစုတင်ပြရမည်။

**လုပ်ငန်းအစီအစဉ်**

၄။ အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်းရောင်းချရာတွင် အောက်ပါအစီအစဉ်အတိုင်းဆောင်ရွက်ရမည်-

(က) ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း မပြုမီ မည်ကဲ့သို့ကမ်းလှမ်းမည်ဖြစ်ကြောင်းကော်မရှင်သို့တင်ပြပြီးအတည်ပြုချက် ရယူရမည်။

(ခ ) ထိုသို့တင်ပြရာတွင် အပိုဒ် ၅(က) ပါအချက်အလက်များပါဝင်သော အလားအလာ ညွှန်းတမ်း (Prospectus) နှင့်အတူ အပိုဒ် ၅(ခ) ပါစာရွက်စာတမ်းများကို ပြုစု တင်ပြရမည်။

(ဂ ) တင်ပြသော စာရွက်စာတမ်းများအပေါ် ကော်မရှင်မှ စိစစ်ပြီး ကျေနပ်မှုရှိလျှင် အများပြည်သူသို့ ကမ်းလှမ်းရောင်းချရန် အတည်ပြုချက် ထုတ်ပေးမည်။

(ဃ) အလားအလာညွှန်းတမ်း(Prospectus)ကို ကော်မရှင်ထံမှ အတည်ပြုချက် ရယူပြီး သည့်အခါရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့မြန်မာနိုင်ငံကုမ္ပဏီ များအက်ဥပဒေနှင့်အညီ တင်ပြမှတ်ပုံတင်ရမည်။

(င ) အများပြည်သူ့သို့ကမ်းလှမ်းရောင်းချခြင်းပြီးစီးမှုရလဒ်အားကော်မရှင်သို့ချက်ချင်း တင်ပြရမည်။

(စ ) အလားအလာညွှန်းတမ်း (Prospectus) အား ပြင်ဆင်သည့်အခါတိုင်းတွင် သော် လည်းကောင်း၊အသစ်ထပ်မံထုတ်ဝေသည့်အခါ၌သော်လည်းကောင်း၊ကော်မရှင်၏ အတည်ပြုချက်ရယူရမည်။

၅။ (က) အလားအလာညွှန်းတမ်းတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်မှသတ်မှတ်ထားသော ပုံစံအပေါ် အခြေခံ၍ အောက်ပါသတင်းအချက် အလက်များ ပါဝင်ရမည်။

(၁) ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချ ခြင်း လုပ်ငန်းစဉ်များ၊

(၂) အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ သတင်းအချက်အလက် များ၊

(၃) ကမ်းလှမ်းရောင်းချမည့် ငွေချေးသက်သေခံလက်မှတ်ဆိုင်ရာ သတင်းအချက် အလက်များ၊

(၄) ရှယ်ယာထုတ်ဝေသူ၏ သတင်းအချက်အလက်များ၊

(၅) ကုမ္ပဏီ၏သမိုင်းကြောင်းနှင့်ဖွံ့ဖြိုးတိုးတက်မှု၊ယင်း၏ပင်မနှင့်လက်အောက် ခံကုမ္ပဏီများ ၊ ယင်းနှင့်ဆက်စပ်သည့် ကုမ္ပဏီများ ၊ ယင်း၏ ဝန်ထမ်းများ စသည်တို့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များအပါအဝင် ကုမ္ပဏီ ၏ အကြောင်းအရာအကျဉ်းချုပ်၊

(၆) ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုနှင့်အဓိကဈေးကွက်များ ၊ ကုမ္ပဏီရင်ဆိုင်ရ ဖွယ်ရှိသည့် ဆုံးရှုံးနိုင်မှု အလားအလာများ၊ အရေးကြီးသော စာချုပ်များ၊ သုတေသနနှင့် ဖွံ့ဖြိုးမှုများစသည်တို့ပါဝင်သည့် လုပ်ငန်းသုံးသပ်ချက်၊

(၇) ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖော်ပြချက်၊

(၈) အဓိက အစုရှယ်ယာပိုင်ရှင်များ ၊ အမြတ်ဝေစုမူဝါဒ ၊ အဖွဲ့အစည်း ဖွဲ့စည်းမှုပုံသဏ္ဌာန်၊ စီမံခန့်ခွဲမှုစနစ်စသည့် သတင်းအချက်အလက်များ ပါဝင်သည့် ကုမ္ပဏီ၏ အကြောင်းအရာဖော်ပြချက်။

(ခ) အလားအလာညွှန်းတမ်းတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်။

(၁) ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း မိတ္တူတစ်စောင်၊

(၂) အလားအလာညွှန်းတမ်းထုတ်ဝေမှုမတိုင်မီ ဘဏ္ဍာရေးနှစ် ၂ နှစ်၏စာရင်းစစ်ပြီး လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်း မိတ္တူတစ်စောင် ၊ အသစ်ဖွဲ့စည်းသည့်ကုမ္ပဏီများဖြစ်ပါက ယင်းတို့အစား ၅ နှစ်စာလုပ်ငန်းစီမံချက်၊

(၃) လက်ကျန်ရှင်းတမ်းနှင့်အရှုံးအမြတ်စာရင်းတို့တွင်ပူးတွဲထားသည့်စာရင်းစစ်များ၏ အစီရင်ခံစာ မိတ္တူတစ်စောင်၊ (ရှိလျှင်)

(၄) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၃၁၊ ပုဒ်မခွဲ (က) အရ ဒါရိုက်တာများ၏ အစီရင်ခံစာမိတ္တူတစ်စောင်၊ (ရှိလျှင်)

(၅) ရှယ်ယာများ ထုတ်ဝေရေးနှင့် ပတ်သက်သည့် ဒါရိုက်တာအဖွဲ့ဝင်များ သို့မဟုတ် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၏ဆုံးဖြတ်ချက် သို့မဟုတ် ရှယ်ယာရှင်များ၏နှစ်ပတ်လည် အထွေထွေအစည်းအဝေး သို့မဟုတ် အထူးနှစ်ပတ်လည်အထွေထွေအစည်းအဝေးဆုံးဖြတ်ချက် မိတ္တူတစ်စောင်၊ (ရှိလျှင်)

(၆) ကုမ္ပဏီ၏ ရင်းနှီးငွေတိုးမြှင့်မှု သို့မဟုတ် ရင်းနှီးငွေထည့်ဝင်ပုံ ပြောင်းလဲမှုတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းမှ အတည်ပြုထားသည့် စာရွက်စာတမ်း မိတ္တူတစ်စောင်။

၆။ အများပြည်သူသို့ကမ်းလှမ်းရောင်းချခြင်းကို ကော်မရှင်မှအတည်ပြုပြီးနောက် ကမ်းလှမ်းရောင်းချခြင်းကိုပြုလုပ်သည့်ပုဂ္ဂိုလ်သည် အောက်ပါအချက်များကို သတိပြုမိလျှင် အများပြည်သူသို့ကမ်းလှမ်းရောင်းချခြင်းကို ပိတ်သိမ်းခြင်းမပြုမီ ဖြည့်စွက်ချက်ကို ကော်မရှင်သို့ တင်ပြနိုင်သည်။

(က) အလားအလာညွှန်းတမ်းတွင်မမှန်ကန်သည့် သို့မဟုတ် အထင်အမြင်မှားစေသည့် ဖော်ပြချက်၊

(ခ) အလားအလာညွှန်းတမ်းတွင် ပါဝင်သင့်သည့် သတင်းအချက်အလက် တစ်ခုခု မပါဝင်မှု၊

(ဂ) အလားအလာညွှန်းတမ်းကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်သို့တင်ပြပြီးနောက်ရင်းနှီးမြှုပ်နှံသူတစ်ဦးအားအရေးကြီးသောထိခိုက်မှု ကိုဖြစ်စေသည့် အခြေအနေသစ်တစ်ရပ်။

၇။ ကော်မရှင်မှအတည်ပြုချက်ရရှိပြီးနောက် အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် အပိုဒ် ၅ တွင် ဖော်ပြထားသော အထောက်အထားများနှင့်အတူအောက်ဖော်ပြပါနည်းလမ်း တစ်မျိုးမျိုးဖြင့် ထုတ် ပြန်ကြေညာရမည်။

(က) သတင်းစာများတွင်ထည့်သွင်းခြင်း၊

(ခ) ငွေချေးသက်သေခံလက်မှတ်ထုတ်ဝေသူ၏ မှတ်ပုံတင်ထားသည့်ရုံး၊ ငွေချေးသက် သေခံလက်မှတ်များကို ဖြန့်ဝေသည့် ကုမ္ပဏီများ၏ရုံး၊ အများပြည်သူသို့ အစု ရှယ်ယာများ ကမ်းလှမ်းရောင်းချကြောင်း ကြေညာသည့် အခမ်းအနားတို့တွင် စာရွက်စာတမ်းအနေဖြင့် အခမဲ့ဖြန့်ဝေခြင်း၊

(ဂ) ငွေချေးသက်သေခံလက်မှတ်ထုတ်ဝေသူ၏ ဝက်(ဘ်)ဆိုက်တွင် အီလက်ထရောနစ် ပုံစံဖြင့် ထားရှိခြင်း။

၈။ အများပြည်သူသို့ကမ်းလှမ်းရောင်းချခြင်းကိုကော်မရှင်မှအတည်ပြုပြီးမှသာအလားအလာ ညွှန်းတမ်းကို ဖြန့်ဝေရမည်။

၉။ ကုမ္ပဏီ၏မတည်ငွေရင်းတိုးမြှင့်သည့်ကိစ္စတွင် လက်ရှိပိုင်ဆိုင်သော အစုရှယ်ယာအတန်း အစားအတိုင်း အစုရှယ်ယာများ အချိုးကျထည့်ဝင်ခွင့်ပေးခြင်း (rights issue) တွင်လက်ရှိ အစု ရှယ်ယာပိုင်ဆိုင်ထားသူများက အစုရှယ်ယာသစ်အား ဝယ်ယူခြင်း၊ အစုရှယ်ယာရှင်များက မိမိ တို့၏ အခွင့်အရေးကိုစွန့်လွှတ်၍ ကုမ္ပဏီ၏ လက်ရှိဒါရိုက်တာများ သို့မဟုတ် ဝန်ထမ်းများကို ကမ်းလှမ်းရောင်းချခြင်းသည် ဤအမိန့်ကြော်ငြာစာပါ ဖော်ပြချက်များနှင့်သက်ဆိုင်ခြင်းမရှိစေရ။ သို့သော် သက်ဆိုင်ရာ အစုရှယ်ယာရှင်များအနေဖြင့် ဝယ်ယူခြင်းမပြုလိုကြောင်း အကြောင်းကြား သည့်အခါဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာပြန်ကြားခြင်းမရှိသည့်အခါဖြစ်စေ၊ ဒါရိုက်တာအဖွဲ့မှ ကုမ္ပဏီအတွက် အကျိုးအရှိဆုံးနည်းလမ်းဖြင့် ပြင်ပပုဂ္ဂိုလ်များသို့ ကမ်းလှမ်းရောင်းချပါက ဤအမိန့်ကြော်ငြာစာနှင့်သက်ဆိုင်စေရမည်။

(ဒေါက်တာမောင်မောင်သိမ်း)
ဥက္ကဋ္ဌ